စိတ်ကြိုက်စာပေ

ရှေးက ထင်ရှားကျော်ကြားခဲ့သော

# ဟံသာဝတီ သူရိယ နှင့် မြန်မာ့အလင်းသတင်းစာ

မောင်ဇေတ်ထွန်း



## ဟံသာဝတီသတင်းစာ

၁၈၈၀ ပြည့်နှစ်တွင် မစ္စတာဖီးလစ်အိပ်ချရစ်ပလေ Mr.Phylip H.Ripley ဆိုသူ မြန်မာစာ ကောင်းစွာတတ်ကျွမ်းသော အင်္ဂလိပ်-မြန်မာ အမျိုးသားတစ်ဦး(ဆရာတင်နိုင်တိုးက မင်းတုန်းမင်း၏ မွေးစားသားဟု ဆိုကြောင်း ရေးသားသည်) သည် ရန်ကုန်မြို့၊ ၃၄ လမ်းအတွင်းတွင် ပုံနှိပ်တိုက်ကလေးတစ်ခု တည်ထောင်ခဲ့သည်။ ထို့နောက် ဟံသာဝတီ ပုံနှိပ်တိုက် အမည်ဖြင့် စာပုံနှိပ်လုပ်ငန်းများ လုပ်ကိုင်ခဲ့ပြီး ၁၈၈၉ ခုနှစ်တွင် ဟံသာဝတီသတင်းစာ(The Hanthawaddy Weekly Review) အမည်ဖြင့် စတင်ထုတ်ဝေလေသည်။

မစ္စတာရစ်ပလေသည် ၁၈၆၀ ပြည့်နှစ် သက္ကရာဇ် ၁၂၂၂ ခုနှစ်တွင် ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၌ အရေးပိုင်ဖြစ်သော အာမေးနီးယန်းလူမျိုး မစ္စတာရစ်ပလီမှ မွေးဖွားသည်။

ရစ်ပလေသည် အသက် ၁၇ နှစ်အထိ ဒေါက်တာမတ် ကြီးမှူးသော မန္တလေးမြို့ သံတဲကျောင်း ကြီးတွင် အင်္ဂလိပ်-မြန်မာ နှစ်ဘာသာကို သင်ကြားခဲ့သည်။ ထို့နောက် ရန်ကုန်မြို့သို့ စုန်ဆင်းလာပြီး ဧရာဝတီမီးရထားခေါ် ရန်ကုန်နှင့် ပြည်မြို့သို့ ခုတ်မောင်းသည့် မီးရထားဘက်တွင် ဝင်ရောက်လုပ်ကိုင်သည်။

ထိုသို့ ဧရာဝတီမီးရထားဌာနတွင် အလုပ်လုပ်ကိုင်ရာမှ ရန်ကုန်မြို့ အတွင်းဝန်များရုံး စာတော်ပြန်ဌာနတွင် မစ္စတာဒဗလျူဟတ်

ဖို့(Mr.W.Hadford)၏ လက်အောက်သို့ ပြောင်းရွှေ့ အမှုထမ်းသည်။ နှစ်နှစ်မျှကြာသောအခါ ထိုစဉ်က အလွန်ထင်ရှားကျော်ကြားလှသော "ပညာမဂ္ဂဇင်း" တွင် လက်ထောက်အယ်ဒီတာအဖြစ် လုပ်ကိုင်ပြန်သည်။



# ဟံသာဝတီသတင်းစာ

# THE HANTHAWADDY WEEKLY REVIEW.

VOL. VI.] RANGOON: — SATURDAY, JANUARY, 4 TH, 1902. No. 261

## ပြက္ခဒိန်။

## ကြေးနန်းသတင်း။

မစ္စတာရစ်ပလေ အသက် ၂၀ အရွယ်သို့ ရောက်သောအခါ မဂ္ဂဇင်း အယ်ဒီတာဘဝမှ အစိုးရ စာတော်ပြန် ဝန်ထောက်ဘဝသို့ ပြောင်းရွှေ့ လုပ်ကိုင်လေသည်။ ထို့ပြင် ထိုစဉ်အခါက ထင်ရှားကျော်ကြားသော "ဗြိတိသျှဘားမားဂေဇက်" တွင် မြန်မာပြန်ပရများကိုလည်း ဖတ်ပေးခဲ့ ရသည်။ ထိုသို့ဖြင့် ရစ်ပလေသည် အစိုးရလခစားအလုပ်ကို စက်ဆုပ် သလို ဖြစ်လာပြီး စာပုံနှိပ်လုပ်ငန်းကို စိတ်ဝင်စားလာလေသည်။

ထို့နောက် ရန်ကုန်မြို့နီစီပါယ်ရုံးကြီး၏ မြောက်ဘက် ၃၄ လမ်းထဲ၌ "ဟံသာဝတီ" ဟူသောအမည်ဖြင့် စာပုံနှိပ်စက်ကို ၁၈၈၆ ခုနှစ်တွင် တည်ထောင်ခဲ့သည်။ မူလက သာမန်ခြေနင်းစက်ကလေးမျှပင် ဖြစ် သော်လည်း အလုပ်အကိုင်အပ်နှံသူတို့အား စိတ်တိုင်းကျအောင် ဆောင်ရွက်ပေးခဲ့သောကြောင့် ပုံနှိပ်လုပ်ငန်း တိုးတက်အောင်မြင်လာ ကာ ၁၈၉၃ ခုနှစ်တွင် မစ္စတာရစ်ပလေသည် အစိုးရအမှုထမ်းဘဝမှ ထွက်လိုက်လေသည်။ ထို့နောက် ရစ်ပလေသည်အင်္ဂလန်သို့ သွားရောက်ကာ ခဲစာလုံးပုံသွင်း အတတ်ပညာကို သင်ယူသည်။

၁၈၉၇ ခုနှစ်၊ အင်္ဂလန်မှ ပြန်လာသောအခါ ခဲစာလုံးသွင်းစက် အပြ ည့်အစုံတစ်ခုယူလာပြီး မြန်မာစာပေနှင့် ပိဋကတ်သမိုင်းတွင် ထင်ရှား လှသည့် "ဟံသာဝတီ ပုံနှိပ်တိုက်ကြီး" ကို တိုက်နံပါတ် ၄၆၊ ဆူးလေ ဘုရားလမ်းတွင် စတင်ဖွင့်လှစ်လိုက်လေသည်။ ဟံသာဝတီပုံနှိပ်တိုက် ကြီးသည် အထပ် ၄ ထပ်ရှိပြီး၊ ကြမ်းပြင်အကျယ်အဝန်းမှာ စတုရန်းပေ ၆၀၀၀ ရှိသည်။ ဟံသာဝတီပုံနှိပ်တိုက်ကြီးတွင် အလုပ်သမားပေါင်း ၁၈၀ မျှ ရှိလေသည်။

ထိုသို့ ဟံသာဝတီပုံနှိပ်တိုက်ကို ထူထောင်ပြီးနောက် မြန်မာ ပိဋကတ်တော်များ၊ အခြားစာအုပ် များကို ရိုက်နှိပ်သည့်အပြင် "ရန်ကုန်

အက်ဒဘာတိုက်စား" Rangon Advertiser ခေါ် အင်္ဂလိပ်ဘာသာ သတင်းစာကိုလည်းကောင်း၊ ဟံသာဝတီသတင်းစာ (The Hanthawaddy Weekly Review) ဟူသော အမည်ဖြင့် ရက်ခြားမြန်မာ သတင်းစာကိုလည်းကောင်း ထုတ်ဝေရောင်းချရာ ထိုစဉ်က ထင်ရှားကျော်ကြားနေသော မြန်မာအဆွေသတင်းစာ၊ သံတော်ဆင့်သတင်းစာတို့ထက်ပင် ဟံသာဝတီသတင်းစာကို လူကြိုက်ပိုမိုများလေသည်။

ဟံသာဝတီသတင်းစာကို လောကီသုတပညာ သတင်းစာကဲ့သို့ စနေနေ့တိုင်း ထုတ်ဝေသည်။ သတင်းစာကြည့်ခနှုန်းမှာ ရန်ကုန်မြို့ပေါ်အတွက် တစ်နှစ်ခြောက်ကျပ်နှင့် ခြောက်လသုံးကျပ်ဖြစ်၍ နယ်အတွက် တစ်နှစ် (၇)ကျပ် (၁၁)ပဲ ခြောက်လ (၃)ကျပ် (၁၃)ပဲ ဖြစ်သည်။

သတင်းစာ၏ ပထမမျက်နှာတွင် ပြက္ခဒိန်၊ သတင်းစာခနှုန်း၊ ကြော်ငြာနှင့် ကြေးနန်းသတင်းများ ပါရှိသည်။ ကြေးနန်းသတင်းများကို ပထမစာမျက်နှာတွင် မလောက်သဖြင့် ဒုတိယစာမျက်နှာတွင် ဆက်လက်ထည့်သွင်းရသည်။ တတိယစာမျက်နှာတွင် ခေါင်းကြီးပိုင်း ထည့်သည်။ ထို့နောက် ရန်ကုန် သတင်း၊ ဆောင်းပါးသတင်း၊ အထွေထွေသတင်း၊ အိန္ဒိယတိုင်းသတင်းတို့ကို အစဉ်အတိုင်း ထည့်သွင်းဖော်ပြထားသည်။

ခေါင်းကြီးပိုင်းတွင် ရေးသားထားသော အကြောင်းအရာများမှာ အတော်ပင်စုံလင်သည်။ သာသနာရေး၊ ဘာသာရေး၊ တိုင်းပြည်ရေး၊ ဆင်းရဲသားများ၏ အရေး၊ ကုန်ကူးသန်းရောင်းဝယ်ရေး၊ လယ်ယာလုပ်ကိုင်စားသောက်ရေး၊ အမျိုးသားတို့၏ အကျင့်စာရိတ္တကောင်းရေး၊ မတော်မတရား ကျင့်ကြံသူတို့အား နှိပ်ကွပ်ရေးမှစ၍ တိုင်းသူပြည်သားတို့ အမြင်ကျယ်အကျိုးများမည့် အကြောင်းများ ကို ရေးသားလေ့ရှိ

သည်။ ရန်ကုန်တိုင်းသတင်းပိုင်းတွင် ရန်ကုန်မြို့ပေါ်၌ ဖြစ်ပျက်သော အကြောင်းအရာများကိုသာ ထည့်သွင်းသည်မဟုတ်။ အထွေထွေ သတင်း၊ နယ်သတင်းများကိုလည်း ဖော်ပြလေ့ရှိသည်။

ဟံသာဝတီသတင်းစာတွင် ဆောင်းပါးသတင်းပိုင်းမှာ အရေးကြီးသော အပိုင်းဖြစ်၍ မြန်မာစာပေဝါသနာပါသူတို့သည် ဤအပိုင်းကို အထူးဂရုပြု၍ ဖတ်လေ့ရှိသည်။ ဟံသာဝတီသတင်းစာတွင်ပါသော ဆောင်းပါးတို့ကား အများအားဖြင့် ဝိဝါဒဆောင်းပါးများ၊ ရာဇဝင်၊ ဂန္ထဝင်၊ သာသနာဝင်တို့ ပါသော အကြောင်းတို့ကို မေးသူကမေး၊ ဖြေသူကဖြေသည့် ဆောင်းပါးတို့သာ များသည်။ ဆောင်းပါး ရေးသားကြသည့်အခါ အများအားဖြင့် နာမည်ရင်းများဖြင့် ရေးသားလေ့မရှိကြ။ ကလောင်နာမည် အမျိုးမျိုးကို အသုံးပြုကြသည်။ "အမည်နတ်ရဟန်း၊ အလုပ်ပဋ္ဌာန်း၊ ဌာနဇရပ်တန်း" စသည်တို့ ဖြစ်သည်။

အထူးသဖြင့် ဟံသာဝတီသတင်းစာတွင် မြန်မာအမျိုးသမီးများ လူမျိုးခြားနှင့် လက်ထပ်ပေါင်းသင်းကြရာတွင် နစ်နာဆုံးရှုံးပုံများကို မပြတ်ရေးသားကာ ဝံသာနုရက္ခိတတရား စောင့်ရှောက်ကြရန် လှုံ့ဆော်ရေးသားခဲ့သည်။

၁၉၀၆ ခုနှစ်၊ နှစ်ဦးပိုင်းတွင် ဟံသာဝတီသတင်းစာကို ဗုဒ္ဓဟူးနှင့် စနေနေ့တိုင်း တစ်ပတ် နှစ်ကြိမ်ထုတ်အဖြစ် ပြောင်းလဲထုတ်ဝေခဲ့သည်။ အင်္ဂလိပ်အမည်ကိုလည်း The Hanthawaddy Bi-Weekly Review ဟူ၍ ပြောင်းလဲခဲ့သည်။

၁၉၃၆ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်နေ့တွင် ဗြိတိသျှဘားမားသူဌေး ဦးညွန့်က ဟံသာဝတီပိဋကတ် ပုံနှိပ်တိုက်အားလုံးကို ဝယ်ယူလိုက်သည်။ ၁၉၄၀-၄၁ ခုနှစ်တွင် ဦးညွန့်က ဟံသာဝတီဂျာနယ်ကို ထုတ်ဝေသည်။

ဂျာနယ်တွင် ဒို့ရှမ်းပြည် ဦးအုန်းမြင့်က အယ်ဒီတာချုပ်ဖြစ်သည်။ ဒုတိယကမ္ဘာစစ်ကြောင့် ဂျာနယ်ကို ရပ်စဲလိုက်ရပြီး စစ်ပြီးခေတ် ၁၉၄၅ ခုနှစ်၊ အောက်တိုဘာ ၂၉ ရက် (၂၅ နှစ်မြောက် အမျိုးသားနေ့) ၁၃၀၇ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်၊ ကြာသပတေးနေ့တွင် ဟံသာဝတီသတင်းစာကို ပြန်လည်ထုတ်ဝေသည်။ သတင်းစာအယ်ဒီတာချုပ်မှာ ဒို့ရှမ်းပြည် ဦးအုန်းမြင့် ပင်ဖြစ်သည်။ ၁၉၄၆ ခုနှစ်၊ မတ်လ ၁ ရက်နေ့တွင် ဦးထွန်းဖေက အယ်ဒီတာချုပ်အဖြစ် ဆက်လက်ဆောင်ရွက်သည်။ သတင်းစာတိုက် တည်ရာမှာ ရန်ကုန်မြို့၊ တာမွေရပ်၊ နတ်မောက်လမ်းသွယ်၊ အမှတ်(၆၆)တွင် ဖြစ်သည်။

၁၉၄၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ရက်၊ တနင်္လာနေ့မှစ၍ ဟံသာဝတီကို နေ့စဉ်သတင်းစာအဖြစ် ထုတ်ဝေနိုင်ခဲ့သည်။ ယခင်က တနင်္ဂနွေနေ့ တစ်ရက်နားသည်။ ထိုအခါက သတင်းစာများမှာ တနင်္ဂနွေနေ့တစ်ရက် ပိတ်လေ့ရှိရာ နေ့စဉ်ဆက်တိုက်ထုတ်ဝေသော စနစ်ကို စစ်ပြီးခေတ်တွင် ဟံသာဝတီက စသည်ဟု ဆောင်းပါးရှင် ရဲဒင်းက ဆိုသည်။

ထို့နောက် ၁.၁၂.၁၉၄၉ မှ ၂၈.၂.၁၉၅၀ အထိ စောဘဦးသတင်းကြောင့် သတင်းစာတိုက် အပိတ်ခံရသည်။ ၁.၇.၁၉၅၅ တွင် နတ်မောက်လမ်း၊ အမှတ်(၅၃)သို့ ပြောင်းရွှေ့သည်။ ၂၄.၈.၁၉၅၆တွင် ဦးညွှန့် ကွယ်လွန်သည်။ ၁၉၆၂ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် သတင်းစာကို ကရောင်း ဝက်ဆိုက်မှ ဆိုက်ကြီးသို့ ပြောင်းပြီး ဖောင်ကြီး ၃ ဖောင် ထုတ်ဝေသည်။ နောက် ၃ ဖောင်မှ ၂ ဖောင် လျှော့ချရာမှ ၂ဖောင်ခွဲအထိ ထပ်တိုးသည်။ နောက်၂ ဖောင်သို့ လျှော့ရပြန်သည်။ ၃၁.၁.၁၉၆၉ နေ့တွင်ကား ဟံသာဝတီသတင်းစာကို ပြည်သူပိုင် ပြုလုပ်လိုက်လေသည်။

ထို့နောက် ဟံသာဝတီသတင်းစာတိုက်ကို မန္တလေးမြို့သို့ ပြောင်းပြီး

၁၉၆၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့ (၁၃၃၁ ခုနှစ်၊ တော်သလင်းလဆုတ် ၅ရက်၊ ဗုဒ္ဓဟူးနေ့)မှစ၍ ဆက်လက်ထုတ်ဝေခဲ့သည်။ အယ်ဒီတာချုပ်မှာ ဦးဝင်းတင် ဖြစ်သည်။

ဟံသာဝတီသတင်းစာ ပြည်သူပိုင်ဖြစ်လာပြီးနောက် မန္တလေးသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ချိန်မှစ၍ ရန်ကုန်တွင် ဟံသာဝတီသတင်းစာ တိုက်ခွဲဟူ၍ ဖွင့်လှစ်ကာ ဆောင်ရွက်ခဲ့သည်။ ပြည်တွင်းသတင်းစာများ ကို ထောက်လှမ်းစုဆောင်းပေးပို့ခြင်း၊ နိုင်ငံခြားသတင်းများကို ဘာသာ ပြန်ပေးပို့ခြင်း၊ နိုင်ငံခြားနှင့် ပြည်တွင်းမှ သတင်းစာတိုက်အတွက် လိုအပ်သော ကုန်ကြမ်းပစ္စည်းများ မှာယူခြင်း၊ ဝယ်ယူခြင်း၊ တင်ပို့ခြင်း၊ ကြော်ငြာကိစ္စ၊ သတင်းစာဖြန့်ချိရေးကိစ္စ၊ အစိုးရဌာနများနှင့် ဆက် သွယ်ဆောင်ရွက်ခြင်းကိစ္စ စသည့် ကိစ္စအဝဝကို ဆောင်ရွက်ပေးခဲ့ရ လေသည်။

မှီငြမ်းပြုစာအုပ်စာတမ်းများ

၁။ တက္ကသိုလ်ထင်ကြီး - မြန်မာနိုင်ငံသတင်းစာများအညွှန်း၊ စာပေဗိမာန်ပုံနှိပ်တိုက်၊ ရန်ကုန်မြို့ ပ-နှိပ်၊ ၁၉၈၂ ခုနှစ်။

၂။ မောင်သစ်လွင်(လူထု) - ရှေးဦးမြန်မာသတင်းစာများ၊ ပုဂံစာအုပ်တိုက်၊ ရန်ကုန်မြို့ ပ-နှိပ်၊ ၁၉၇၁ ခုနှစ်။

၃။ ယူပီအိုင်ဦးဘသန်း - မြန်မာနိုင်ငံသတင်းစာသမိုင်း၊ စာနယ်ဇင်းသမိုင်းစာတမ်းများ(ပထမတွဲ)၊ စာပေဗိမာန်ပုံနှိပ်တိုက်၊ (ဒုတိယတွဲ)၊စာပေဗိမာန်ပုံနှိပ်တိုက်၊ ရန်ကုန်မြို့ ပ-နှိပ်။

၄။ ယူပီအိုင်ဦးဘသန်း - စာနယ်ဇင်းသမိုင်းစာတမ်းများ၊ ရန်ကုန်မြို့ ပ-နှိပ်၊ ၁၉၇၈ ခုနှစ်။

၅။ ပြည်သူတို့၏ စကားပြန်၊ (စာနယ်ဇင်းနှစ်နှင့် ပြည်သူပိုင်ဟံသာဝတီ ၅ နှစ်မြောက် အထိမ်းအမှတ်) ကြီးပွားရေးပုံနှိပ်တိုက်၊ မန္တလေးမြို့ ပ-နှိပ်၊ ၁၉၇၄ ခုနှစ်၊ ဒီဇင်ဘာလ။

၆။ ဟံသာဝတီကတ်တလောက် - ၁၉၆၂-၆၃၊ ဟံသာဝတီပုံနှိပ်တိုက်၊ ရန်ကုန်၊ ခုနှစ်မပါ။

*